
# စားသောက်ကုန် နှင့် အဖျော်ယမကာ
# လုပ်ငန်းစျေးကွက် ဆောင်းပါး

## အစားအစာ နှင့် အဖျော်ယမကာ လုပ်ငန်း၏ စျေးကွက်အားသုံးသပ်ခြင်း


## Market Overview of F&B Industry





မြန်မာနိုင်ငံအတွင်းသို့ ခရီးသွားများ နှင့် စီးပွားရေး လုပ်ငန်းရှင်များ ဝင်ရောက်မှုများ ပြားလာသည် နှင့်အညီ စားသောက်ကုန် နှင့်အဖျော်ယမကာ လုပ်ငန်းသည် ဆက်လက်၍ တိုးတက်လျက်ရှိနေသည်။ ပရီမီယံစုပါမားကတ်များသည်လည်း စျေးကွက်အတွင်းတွင်မိသားစုစျေးဆိုင် နှင့်ယှဉ်ပြိုင် နေလျက်ရှိနေသည်။ ခေတ်သစ် ကုန်စုံဆိုင်များ သည်လည်း မြို့ပြများတွင်သာမက ကျေးလက်ဒေသ များတွင်ပါ ကျယ်ပြန့်စွာတိုးပွားလျက်ရှိပါသည်။

မြန်မာနိုင်ငံအနှံ့တွင် အစားအသောက်လုပ်ငန်းပေါင်း တစ်သိန်းကျော်ခန့်ရှိသည့်အနက် အစားအသောက် ဝန်ဆောင်မှုလုပ်ငန်းသည် ၅၀ ရာခိုင်နှုန်းကျော်ဖြင့်အများဆုံးပါဝင်နေပြီး အဖျော်ယမကာလုပ်ငန်းသည် ၅ ရာခိုင်နှုန်းခန့်ပါဝင်နေသည်။ ပြည်နယ် နှင့် တိုင်းများအနက် ရန်ကုန်တိုင်းတွင် အစားအသောက်လုပ်ငန်း ပေါင်း သုံးသောင်းနီးပါးနှင့် မန္တလေးတိုင်းတွင် လုပ်ငန်းပေါင်းနှစ်သောင်းကျော် တို့ဖြင့် အများဆုံးလည်ပတ် နေပါသည်။


## စုစုပေါင်း စားသောက်ကုန်လုပ်ငန်းများ




## စားသောက်ကုန်လုပ်ငန်းတွင် လုပ်ကိုင်နေသော စုစုပေါင်းအလုပ်သမားအရေအတွက်




## ပြည်နယ် နှင့် တိုင်းများရှိစားသောက်ကုန်လုပ်ငန်းများ




ရင်းမြစ် ။ BCG, MMRD


# အစားအစာ နှင့် အဖျော်ယမကာ လုပ်ငန်း၏ဈေးကွက်တန်ဖိုး

## Market Value of F&B Industry



မြန်မာနိုင်ငံသည် အခြားသောအရှေ့တောင်အာရှနိုင်ငံများကဲ့သို့ပင် ထမင်းနှင့်ဟင်းသည်အဓိက နေ့စဉ်စားသောက်သော အစားအစာ ဖြစ်သည်။ အိမ်ထောင်စုများအားလေ့လာချက်များအရများသောအား ဖြင့် မြန်မာများသည် ကြက်သား၊ ငါး နှင့် ဝက်သား ကိုပုံမှန်အားဖြင့် စားသုံးကြသည်။ အိမ်ထောင်စုတစ်စု၏ လစဉ်အသုံးစရိတ်ရာခိုင်နှုန်းတွင် အစားအသောက် (ဥပမာ- ဆန်၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ အသင့်စား သုံးနိုင်သည့် အစားအသောက်၊ အဖျော်ရမကာများ နှင့် ဟင်းချက်ဆီ) ပါဝင်မှုသည် စားသောက်ကုန်မဟုတ်သော အရာများ (ဥပမာ- လောင်စာဆီ နှင့် မီးအလင်း၊ ခရီးသွားစရိတ်၊ အိမ်ငှား စရိတ် နှင့် ပြင်ဆင်စရိတ်များ၊ အဝတ်အစားနှင့်အသုံးအဆောင်) နှင့် နိုင်း ယှဉ်လျှင် မြင့်တက်နေသည် ကို စစ်တမ်းများအရသိရပါသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ နှင့် နှိုင်းယှဉ်လျှင် ၏ အစား အသောက်သုံးဆွဲမှု တန်ဖိုးသည် ဘီလီယံဒေါ်လာ ၃၀ ကျော်ရှိပြီးမြန်မာနိုင်ငံ ၏ အစား အသောက်သုံးဆွဲမှု တန်ဖိုးသည် ဘီလီယံဒေါ်လာ ၁၀ ကျော်သာရှိသည်ဟုတွေ့ရပါသည်။ ထို့အပြင် ထိုင်းနိုင်ငံ၏ အစား အသောက်သုံးဆွဲမှုသည် အိမ်ထောင်စု အသုံးစရိတ်၏ ၂၇ ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံ၏ အစား အသောက်သုံးဆွဲမှုသည် အိမ်ထောင်စု အသုံးစရိတ်၏ ၆၄ ရာခိုင်နှုန်းရှိပါသည်။




ထိုနည်းလည်းကောင်း ရန်ကုန်တိုင်းဒေသတွင် အစားအသောက်အတွက်အသုံး စရိတ်၏ ၆၀ ရာခိုင်နှုန်းကျော်အားအသုံးပြုကြပြီး အစား သောက် မဟုတ်သည်အရာများအတွက် ၄၀ ရာခိုင်နှုန်းနီးပါးသာ အသုံးပြုကြပါသည်။ ဤအချိုးအစားသည် ရန်ကုန်တိုင်းဒေသ တွင်မြင့်မားသော အိမ်ထောင်စု ဝင်ငွေကြောင့် အနည်းငယ် ကွဲလွဲ မှုရှိပါသည်။

## အစားအသောက်ထောက်ပံ့မှု

## (F&B Supply)



မြန်မာနိုင်ငံသည် အာရှနိုင်ငံများအနက် မြေဆီဩဇာ နှင့် ရေအရင်း အမြစ်ကြွယ်ဝမှုတို့ကြောင့် စိုက်ပျိုးရေးအားကောင်းမွန်စွာပြုလုပ်နိုင်သည့်အခြေအနေရှိပါသည်။ ၂၀၁၈ (ဧပြီ-စက်တင်ဘာ) ပထမ ၆ လပတ်ကာလ၏အချက်အလက်များအရ အစားအစာ နှင့် အဖျော်ယမကာ လုပ်ငန်းသည် စုစုပေါင်းပြည်တွင်းထုတ်ကုန်တွင် ၁၃ ရာခိုင်နှုန်းခန့် ပါဝင်နေ ပါသည်။

မြန်မာနိုင်ငံ၏ အစားအစာ ကဏ္ဍ တွင် ပုဂ္ဂလိက နှင့် အစိုးရ နှင့်ချိတ်ဆက်ထားသည့် စီးပွားရေးလုပ်ငန်းများ ပါဝင်နေပြီး ဤကဏ္ဍတွင် လည်ပတ်နေသော ကုမ္ပဏီအမြောက်အများမှာ အသေးစား လုပ်ငန်းများဖြစ်ပါသည်။

## စားသောက်ကုန် တင်ပို့မှု

## Food Export

မြန်မာနိုင်ငံသည် ဆန်စပါး၊ ငါး နှင့် ကောက်ပဲသီးနှံ တို့ကို အများဆုံးတင်ပို့သောနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး သုံးနှစ်တာကာလအတွင်း အစားအသောက်တင်ပို့ခြင်းသည် အနည်းငယ်ကျဆင်းနေသည်ကိုတွေ့ရပါသည်။

ဆန်စပါးသည်မြန်မာနိုင်ငံ၏အဓိကတင်ပို့သည့်ထုတ်ကုန်ဖြစ်ပြီး ကျန်အများဆုံးပို့ကုန်များ မှာ ပြန်လည်တင်ပို့ (re-export) သည့်ထုတ်ကုန်များဖြစ်သော သကြား၊ ငါး နှင့် ပင်လယ်စာ တို့ဖြစ်သည်။

ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ အတွင်းတွင် မြန်မာနိုင်ငံသည် ဒေါ်လာ သန်း ၆၀၀ ကျော်တန်ဖိုးရှိသော ဆန်စပါး နှင့် စိုက်ပျိုးရေးအခြေခံစားသောက်ကုန် များကိုတင်ပို့ခဲ့သည်။ မြန်မာ့ဆန်ကွဲကို လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ နယ်သာလန်နိုင်ငံ နှင့် ဗြိတိန်နိုင်ငံသို့ အများဆုံးတင်ပို့နေပါသည်။ ပြည်တွင်းမှ ထွက်ရှိသည့် ၇၇ ရာခိုင်နှုန်းခန့် ပဲမျိုးစုံကို အိန္ဒိယနိုင်ငံသို့ နှစ်စဉ်တင်ပို့နေသည်ဟု စီးပွားရေး နှင့် ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရပါသည်။

MMRD

Industry INsight

## စားသောက်ကုန် တင်သွင်းမှု

## Food Imports

မြန်မာနိုင်ငံသည် အစားအသောက်ပိုလျှံသည့်နိုင်ငံဖြစ်သော်လည်း စားသုံးဆီကဲ့သို့ ထုတ်ကုန်များထုတ်လုပ်မှု နည်းပါးသောကြောင့် ပြည်ပနိုင်ငံများဖြစ်သော မလေးရှား နှင့် အင်ဒိုနီးရှား မှတင်သွင်းမှုများ စွာကိုလည်း မှီခိုနေရသေးသည်။

ထိုနည်းလည်းကောင်း မြန်မာနိုင်ငံရှိ ပရီမီယံစူပါမားကတ်များ နှင့်ခေတ်သစ်ကုန်မျိုးစုံဆိုင်များတွင် ရောင်းချလျက်ရှိသော စားသောက်ကုန်ပစ္စည်းအများစုကိုလည်း ပြည်ပနိုင်ငံများမှမှာယူတင်သွင်းရပါသည်။

City Mart Supermarket

ဥပမာ - မြန်မာနိုင်ငံတွင် အကြီးမားဆုံးသော စူပါမားကတ်ကွင်းစက် တစ်ခုဖြစ်သည့် စီးတီးမတ်သည် ၁၉၉၆ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပြီး နိုင်ငံတကာ အစားအစာ နှင့် အဖျော်ယမကာ ထုတ်ကုန် အမြောက်အများကို ရောင်းချလျက်ရှိပြီး ဘီစကွတ်၊ ငါးသေတ္တာ၊ အချဉ်ရည်၊ ယိုစုံ၊ ပျားရည်၊ ကော်ဖီမှုန့် နှင့် လက်ဖက်ခြောက် တို့ကို UK မှအထူးသဖြင့် တင်သွင်းရောင်းချ လျက်ရှိနေပါသည်။ ပန်းသီး၊ စပျစ်သီး ကဲ့သို့ ရာသီအလိုက်အသီးအနှံ များကို US မှ အများဆုံး တင်သွင်းရောင်းချလျက်ရှိပြီးအနာဂတ်ကာလတွင် UK မှလည်းတင်သွင်းရောင်းချနိုင်ရန် ကြိုးစားသွားမည် ဟုသိရပါသည်။

## နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု



မြန်မာနိုင်ငံ၏စီးပွားရေး ပွင့်လင်းလာသည် နှင့်အညီ များစွာသော နိုင်ငံအစုံအလင်မှ စားသောက်ကုန် နှင့် အဖျော်ယမကာ လုပ်ငန်းများသည် စတင်မြှုပ်နှံ လာကြ သည်။ လက်ရှိတွင် ထင်ရှားသည့် အမှတ်တံဆိပ်များမှာ Gloria Jean’s Coffee၊ KFC၊ Café Amazon၊ Coffee Bean & Tea Leaf၊ Burger King နှင့် Swensens’ တို့ဖြစ် ပါသည်။ မကြာသေးမီ နှစ်များအတွင်းမှာလည်း စင်္ကာပူ မှ Paradise Group of Restaurants နှင့် BreadTalk ၊ ကိုရီးယားမှ Bulgogi Brothers ၊ ဂျပန်မှ Ippudo Ramen နှင့် အမေရိကန်မှ Miami Grill တို့ဝင် ရောက်လာကြသည်ကိုလည်းတွေ့ရပါသည်။

မြန်မာနိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုများဝင်ရောက်မှု အတွက် ဖြေလျှော့မှုများ နှင့် စီးပွားရေး/လူလယ်အလတ်တန်းစားများတိုးတက်လာမှုများကြောင့်ပြည်ပထုတ်ကုန်အ မှတ်တံဆိပ်များဝင်ရောက် ရင်းနှီးမြှုပ်နှံရန်အတွက် ဆွဲဆောင်မှုရှိသည့်ပစ်မှတ်တစ်ခုဖြစ်နေသည်။ ဤကဲ့သို့ ပြောင်းလဲတိုးတက်မှုများသည် ကုမ္ပဏီဥပဒေအသစ် ၂၀၁၇ (ဒီစင်ဘာလ ၂၀၁၇ တွင် ထုတ်ပြန်ခဲ့ပြီး ဩဂုတ်လ ၂၀၁၈ တွင် အကောင်အထည်ဖော်ခဲ့ပါသည်) ကြောင့်ဖြစ်ပါသည်။

## ရင်းနှီးမြုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ တရားဝင်အတည် ပြုထားသည့် နိုင်ငံခြားရင်းနှီးမြုပ်နှံမှု လုပ်ငန်းများ (၂၀၁၇ နှင့် ၂၀၁၈)

| အမည် | လုပ်ငန်းအမျိုးအစား | ကဏ္ဍ | ရင်းနှီးမြုပ်နှံ မှု နှံ မှု မှု အမျိုးအစား | ခုနှစ် |
|---|---|---|---|---|
| Lucky Tokyo Noodle Company Limited | ခေါက်ဆွဲ နှင့် ကြာဇံထုတ်လုပ်သည့် လုပ်ငန်း | စားသောက်ကုန် | ဖက်စပ်လုပ်ငန်း | ၂၀၁၇ |
| Lluvia Limited | ဘီစကွတ်၊ ပါမုန့် နှင့် ကွတ်ကီး ကဲ့သို့ ဂျုံ ဂျုံထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ချီသည့်လုပ်ငန်း | စားသောက်ကုန် | ဖက်စပ်လုပ်ငန်း | ၂၀၁၇ |
| Delicious Food Limited | စားသောက်ကုန် နှင့် လူသုံးကုန် ထုတ်လုပ်ရောင်းချသည့် လုပ်ငန်း | စားသောက်ကုန် | ဖက်စပ်လုပ်ငန်း | ၂၀၁၇ |
| Myanmar VB Company Limited | အသင့်သုံးဆောင်ရန် ကွေကာ ကွေကာအုတ်၊ ကော်ဖီမှုန့်၊ လက်ဖက်ခြောက်မှုန့် မှုန့်များ ထုတ်လုပ်ဖြန့်ချီ သည့်လုပ်ငန်း | စားသောက်ကုန် | ဖက်စပ်လုပ်ငန်း | ၂၀၁၇ |
| Golden Cashew Co.,Ltd. | Colour-sorting and Grading Cashew Kernel | စားသောက်ကုန် | မြန်မာ ၁၀၀% | ၂၀၁၇ |
| Mount Treasure Company Limited | ဂျုံထွက်ပစ္စည်းများ ထု ထုတ်လုပ်ဖြန့်ချီသည့်လုပ်ငန်း | စားသောက်ကုန် | မြန်မာ ၁၀၀% | ၂၀၁၇ |
| Than Lwin Aye Yar Industrial Production & Construction Co., Ltd. | ဘီယာထုတ်လုပ်သည့် လုပ်ငန်း | အဖျော်ယမကာ | ဖက်စပ်လုပ်ငန်း | ၂၀၁၇ |
| Manadalay Brewery Limited | ဘီယာထုတ်လုပ်၊ ရောင်းချသည့် လုပ်ငန်း | အဖျော်ယမကာ | ဖက်စပ်လုပ်ငန်း | ၂၀၁၇ |
| Emerald Brewery Myanmar Limited | ဘီယာထုတ်လုပ်၊ ဖြန့်ချီသည့် လုပ်ငန်း | အဖျော်ယမကာ | ဖက်စပ်လုပ်ငန်း | ၂၀၁၈ |

ရင်းမြစ်: ရင်းနှီးမြုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)

# အခွန်ပေးဆောင်မှုအလိုက် အဓိကစီးပွားရေးလုပ်ငန်းများ

စားသောက်ကုန်လုပ်ငန်းတွင် ရှိသည့် အဓိကစီးပွားရေး လုပ်ငန်းများကို ပြည်တွင်းအခွန်များဦးစီးဌာန မှ ထုတ်ပြန်သော အခွန်ပေးဆောင်မှု အဆင့်များအလိုက် အောက်ပါ ဇယားတွင်ဖော်ပြထားပါသည်။

| စဉ် | လုပ်ငန်းအမည် | ကုမ္ပဏီ အမှတ်တံဆိပ် | လုပ်ငန်းအမျိုးအစား | အခွန်ပေးဆောင်မှု အဆင့် | အလုပ်သမား အရေအတွက် | ကုမ္ပဏီ လိပ်စာ | ဖုန်းနံပတ် |
|---|---|---|---|---|---|---|---|
| ၁. | Yathar Cho Industry Ltd. | | ခေါက်ဆွဲ နှင့် ကြာဇံ (အသင့်စားသုံးရန်) | ၈၈ | ၁၀၀၀ | တိုက်အမှတ်-၃၊ ပထမအလွှာ၊ MICT Park၊ လှိုင်မြို့နယ် | ၀၁-၆၅၂၂၃၅၊ ၀၁-၆၅၂၂၄၁ |
| ၂. | Control Star Export & Import Co.,Ltd. | - | ပို့ကုန်/သွင်းကုန် လုပ်ငန်း | ၁၉၃ | ၁၀ | အမှတ်-၂/၅၅၊ ယုဇနလမ်း၊ ဘုရင့်နောင်သိုလှောင်ရုံများ၊ မရမ်းကုန်းမြို့နယ် | ၀၁-၃၆၈၀၆၉၅ |
| ၃. | Aye Chan Myay General Trading Co-op Ltd. [First Top Group of Companies] | | စားသုံးဆီ၊ ပို့ကုန်/သွင်းကုန် လုပ်ငန်း | ၁၉၄ | ၂၀ | အမှတ်-၁၅၁၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ် | ၀၁-၂၂၇၇၅၇~၆၀၊ ၀၁-၂၃၀၁၃၉၀ |
| ၄. | Peace Myanmar Group Co.,Ltd. | | အရက် နှင့် ဘီယာ (ထုတ်လုပ်/ဖြန့်ဖြူး)၊ ပို့ကုန်/သွင်းကုန် လုပ်ငန်း | ၃၂၂ | ၅၀၀ | အမှတ်-၁၊ ဘုရင့်နောင်လမ်း၊ ဇေတိကလမ်း ထောင့်၊ ၄-ရပ်ကွက်၊ ကမာရွတ်မြို့နယ် | ၀၁-၅၃၈၄၁၂၊ ၁-၅၃၈၄၁၃ |
| ၅. | Ayeyarwaddy Food Industries Co.,Ltd. | | ခေါက်ဆွဲ နှင့် ကြာဇံ (အသင့်စားသုံးရန်) | ၃၆၆ | ၅၀၀ | အမှတ်-၁၀၉၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန်-၃၊ လှိုင်သာယာမြို့နယ် | ၀၁-၃၆၈၅၂၃၃၊ ၀၁-၃၆၈၅၆၅၆ |
| ၆. | Thuwunna Nadi Trading Ltd. | | စားသောက်ကုန် အနံ့အရသာ၊ နို့ထွက်ပစ္စည်း၊ မုန့်ဖုတ်ပေါင်ဒါမှုန့်၊ ပို့ကုန်/သွင်းကုန် လုပ်ငန်း | ၄၂၂ | ၂၀ | အမှတ် ၅၃၊ မြေညီထပ်၊ လမ်း ၃၀၊ ပန်းဘဲတန်းမြို့နယ် | ၀၁-၃၈၀၀၄၂၊ ၀၁-၂၅၁၇၈၀ |
| ၇. | L & M Mayson Co.,Ltd. | | မုန့်ဖုတ်လုပ်ငန်း (ထုတ်လုပ်/ဖြန့်ဖြူး) | ၈၄၄ | ၆၀၀ | အမှတ်-၁၊ ဗိုလ်အောင်ကျော်လမ်း၊ စက်မှုဇုန်-၄၊ လှိုင်သာယာမြို့နယ် | ၀၁-၃၆၈၅၀၈၀၊ ၀၁-၆၈၅၀၈၁ |

# အစားအစာ နှင့် အဖျော်ယမကာ လုပ်ငန်း၏ စိန်ခေါ်မှုများ




မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေသည် ၎င်း၏ပြုပြင်ပြောင်းလဲမှုများ နှင့် အညီ တိုးတက် ကောင်းမွန် နေသော်လည်း မြန်မာနိုင်ငံရှိ ရင်းနှီးမြုပ်နှံသူများသည် အစားအစာ နှင့် အဖျော်ယမကာ လုပ်ငန်း တွင် ရင်းနှီးမြုပ်နှံရာတွင် စိန်ခေါ်မှုများစွာကြုံတွေ့နေရပါသည်။

## အခြေခံအဆောက်အအုံ



မြန်မာနိုင်ငံတွင် လျှပ်စစ်မီးအထောက်အပံ့သည် လက်ရှိအခြေအနေအထိ ကန့်သတ်မှုရှိနေပြီး စိတ်မချရသည့်အနေအထားတွင်ရှိနေပါသည်။ စီးပွားရေးလုပ်ငန်းများ အတွက်လျှပ်စစ်မီး ပျက်တောက်မှု သည် ၎င်းတို့၏ လုပ်ငန်း လည်ပတ်မှုစွမ်းဆောင်ရည်အတွက် အဓိက အတားအဆီးတစ်ခု ဖြစ်နေသည်။ အကြီးစားကုန်ထုတ်လုပ်မှု ကုမ္ပဏီများသည် လျှပ်စစ်ဓာတ်အားပျက်တောက် မှုကို မကြာခဏကြုံတွေ့နေရသဖြင့် ၁၀ မှ ၁၅ ရာခိုင်နှုန်းခန့်သော လျှပ်စစ်ထောက်ပံ့မှုအား လျှပ်စစ်ဓာတ်အား ပေးစက်များ ဖြင့်အသုံးပြုနေရပါသည်။ [1]

## ထောက်ပံ့ပို့ဆောင်ရေး




သွင်းကုန်ပစ္စည်းအများအပြားသည် ရန်ကုန်ဆိပ်ကမ်းမှ တဆင့်ဝင်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံ တွင် ထောက်ပံ့ပို့ဆောင်ရေးအချက်အချာနေရာများအား သီလဝါဆိပ်ကမ်း၊ ကျောက်ဖြူဆိပ်ကမ်း နှင့် ထားဝယ်ဆိပ်ကမ်းများ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အညီ အကောင်အထည်ဖော်လျက်ရှိနေပါသည်။ လက်ရှိတွင် အစားအစာ နှင့် အဖျော်ယမကာ ထုတ်ကုန်များသည် အိမ်နီးချင်း နိုင်ငံများ ဖြစ်သော တရုတ်၊ အိန္ဒိယ နှင့် ထိုင်း နိုင်ငံတို့မှ ကုန်းလမ်းကြောင်း မှတဆင့်ဝင်ရောက်နေသည်ဖြစ်သည်။သို့သော်လည်း မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေသည် ဆိုးရွားလျက်ရှိနေပြီး ကုန်စည်သယ်ယူ ပို့ဆောင်ခများသည်လည်း မြင့်တက်နေပါသည်။

ထို့နည်းလည်းကောင်း ပျက်စီးပုတ်သိုးလွယ်သောပျက်စီးများအတွက် သယ်ယူပို့ဆောင်ရန် လေကြောင်းကုန်စည်ပို့ဆောင်ခများမှာလည်း အခြားကုန်စည်ပို့ဆောင်ရေးများထက် ၈ ဆခန့်မြင့်မားနေသော ကြောင့် စားသောက်ကုန်များကို စင်ကာပူနှင့် ထိုင်းရှိ ဖြန့်ချီသူများ မှတဆင့် တင်သွင်း နေရပါသည်။

[1] Consumer Goods Guide 2019, Eurocham Myanmar

## စားသောက်ကုန်တင်သွင်းခြင်း လုပ်ငန်းများ ကြန့်ကြာခြင်း




စားသောက်ကုန်တင်သွင်းသူများအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှ စားသောက်ကုန်များ တင်သွင်းရာ တွင် လိုအပ်သည့်လိုင်စင် များထုတ်ပေး ပြီး အစားအသောက် နှင့် ဆေးဝါး ဆေးဝါးကွပ်ကဲရေး ဦးစီးဌာ (FDI) သည်နယ်စပ်မှတင်သွင်းလာ သောစားသောက်ကုန်များ ကို ရှင်းလင်းစစ်ဆေးရန်အတွက်တာဝန်ရှိသည်။ ထိုသို့လုပ်ဆောင်ရာတွင်လိုအပ်သည့် စာရွက်စာတမ်းများရရှိရန်အတွက်စောင့်ရသည့်ကာလသည်နှစ်လမှသုံးလအတွင်းကြာလေ့ရှိသည်။ ထို့အပြင်စားသောက် င်စားသောက် ကုန်တင်သွင်းခွင့်ရှိရန်အတွက်တင်သွင်းသူမှ စားသောက်ကုန် တစ်ခုခြင်းစီ အတွက် လုံခြုံရေး ထောက်ခံစာရရှိရန်လိုအပ်ပါသည်။ စားသောက်ကုန်အနည်းအများအပေါ်မူတည်၍ လိုင်စင်ရရှိရန် အချိန်ကာလ ကြာမြင့်ပါသည်။ အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ထိုစာရွက်စာတမ်းများ ကိုပြန်လည်စမ်းစစ်ပြီးစားသောက်ကုန်များ ကို ဓာတ်ခွဲခန်းတွင်စမ်းသပ်စစ်ဆေးကာ ၎င်းဌာန မှ ထောက်ခံစာ ရရှိရန် အတွက် အချိ အချိန်ကာလ ၂ နှစ်ခန့်ကြာမြင့်သည်ဟုသိရပါသည်။

အကောက်ခွန်ဌာနမှထုတ်ပြန်သည့်စားသောက်ကုန်များအတွက် အကောက်အခွန်ရှင်းလင်းသည့် စည်းမျဉ်းစည်းကမ်းများသည်မကြာခဏပြောင်းလဲလေ့ရှိသည့်အတွက် တင်သွင်းသူများသည်အခက်အခဲများစွာ ကြုံတွေ့နေရပါသည်။

# အစားအစာနှင့် အဖျော်ယမကာ လုပ်ငန်း၏အနာဂတ်လာ း အလာအားသုံးသပ်ခြင်း

## Future Potential of Food & Beverage Industry



### ရန်ကုန်မြို့၏အစားအသောက်လက်လီဈေးကွက်သည် အပြောင်း အလဲများစွာအတွက် အဆင်သင့်ဖြစ်နေသည်။

မြို့ပြလူဦးရေတိုးပွားလာခြင်း နှင့် ကောင်းမွန်သောစီးပွားရေး အသွင်ကူးပြောင်းမှုများကြောင့် ခေတ်သစ်ဈေးဝယ်ပုံစံများ ကိုမိတ်ဆက်ပေးမည့် ကုန်မျိုးစုံဆိုင်များသည်လည်း များပြားလာသည်ကို တွေ့ရပါသည်။

### လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ထုတ်လုပ်မှုနှင့် အထွက်နှုန်းများ သည် စတင်မြင့်တက်လာသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ နှင့် ပြည်တွင်း အစားအစာထုတ်လုပ်မှုအတွက် ကြီးမားသောအလားအလာများရှိပါသည်။

### စံချိန်စံညွှန်းများ နှင့် အရည်အသွေး တိုးတက်မှု

မြန်မာနိုင်ငံအစိုးရသည် အစားအစာနှင့် အဖျော်ယမကာ ထုတ်ကုန်များ နှင့် စားသုံးမှု၏ ဘေးကင်းလုံခြုံမှုအတွက်အစားအသောက်စည်းမျဉ်းစည်းကမ်းများပြဋ္ဌာန်းခြင်းများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီ ဖြစ်စေရန်အတွက် ဆက်လက်၍တိုက်တွန်းသွားမည်ဖြစ်ပါသည်။

### အဖျော်ယမကာဈေးကွက်၏ မြင့်တက်လာမှု

လေ့လာချက်များအရ ဖျော်ရည်များ၏ အရောင်းတန်ဖိုးသည် ၂၀၁၈ တွင်ပျမ်းမျှ တိုးတက်မှုထပ်တိုးနှုန်း ၂၃ ရာခိုင်နှုန်းအထိ တိုးမြင့်လာမည်ဟု သုံးသပ်ထားပါသည်။ [2]

s

[2] British Chamber of Commerce – Market Snapshot F&B Retail Market in Myanmar, September 2016.